# ဤနိုင်ငံသို့ ကျွန်ုပ်၏ ဒုက္ခသည် မိသားစုကို ဘယ်လိုခေါ်ရမလဲ။



Refugee Service | Legal Aid NEW SOUTH WALES

## ဒုက္ခသည် ဝန်ဆောင်မှုအကြောင်း

ဒုက္ခသည် ဝန်ဆောင်မှုသည် Legal Aid NSW ၏ ကျွမ်းကျင်သူများက ပံ့ပိုးပေးသည့် ဝန်ဆောင်မှု တစ်ခုဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ရှေ့နေများသည် ဒုက္ခသည်ဖြစ်သော အမှုသည်များနှင့် လူမှုအဖွဲ့အစည်းအား လူဝင်မှုကြီးကြပ်ရေး၊ အိမ်ရာ၊ Centrelink ကြွေးမြီကိစ္စများ၊ လင်မယားခွဲနေခြင်းနှင့် ကွာရှင်းခြင်းကဲ့သို့သော ပြဿနာများနှင့်ပတ်သက်၍ အကူအညီပေးပါသည်။ ကျွန်ုပ်တို့၏ ဝန်ဆောင်မှုသည် အခမဲ့ဖြစ်ပြီး အချက်အလက်များကို လျှို့ဝှက်ထားရှိပါသည်။ ကျွန်ုပ်တို့ကို မည်သို့ဆက်သွယ်ရမည်နှင့် ပတ်သက်၍ စာမျက်နှာ 14 ကို ကြည့်ပါ။ ဤစာအုပ်တွင် သင်၏ မိသားစုကို ဩစတြေးလျနိုင်ငံသို့ ခေါ်ယူရန် မည်သို့ လျှောက်ထားရမည်ဆိုသည်ကို ရှင်းပြထားပါသည်။

## ကျွန်ုပ်၏ ဒုက္ခသည် မိသားစုကို ဩစတြေးလျနိုင်ငံသို့ ခေါ်၍ရပါသလား။

အောက်ပါအချက်များနှင့် ကိုက်ညီပါက သင်သည် သင်၏မိသားစုကို ဩစတြေးလျနိုင်ငံသို့ခေါ်ယူရန် ဩစတြေးလျအစိုးရ၏ ဒုက္ခသည်နှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အစီအစဉ်မှတစ်ဆင့် လျှောက်ထားနိုင်ပါသည်-

- သင်သည် ဩစတြေးလျနိုင်ငံတွင် အမြဲတမ်းနေထိုင်သူ သို့မဟုတ် ဩစတြေးလျနိုင်ငံသားဖြစ်လျှင်။
- သင်၏ မိသားစုသည်-
  - ၎င်းတို့၏ မိခင်နိုင်ငံပြင်ပတွင်ရောက်ရှိနေလျှင်။ ၎င်းအပြင်
  - ၎င်းတို့၏မိခင်နိုင်ငံတွင် အန္တရာယ်ပြုမှု သို့မဟုတ် နှိပ်စက်ညှဉ်းပန်းမှုများ ခံရမည်ကို ကြောက်ရွံ့နေရလျှင်။ ၎င်းအပြင်
  - ၎င်းတို့ဘေးကင်းလုံခြုံစွာနှင့် အမြဲတမ်းနေထိုင်နိုင်သော အခြားနိုင်ငံမရှိလျှင်။

သင်၏ မိသားစုသည် ၎င်းတို့၏ မိခင်နိုင်ငံတွင် ရှိနေဆဲဖြစ်ပါက သင်၏ ခင်ပွန်း သို့မဟုတ် ဇနီး၊ သင်၏ မှီခို သားသမီး သို့မဟုတ် သင်၏ မိဘ (အကယ်၍ သင်သည် အသက် 18 နှစ်အောက်ဖြစ်ပါက) ကို တာဝန်ယူ ထောက်ပံ့ရန် သင်သည် ကွဲကွာနေသောမိသားစု လျှောက်လွှာကို တင်သွင်း**နိုင်**ပါသည်။ 'ကွဲကွာနေသော မိသားစု' လျှောက်လွှာနှင့် ပတ်သက်သော အချက်အလက်များကို ဤစာအုပ်၏ စာမျက်နှာ 11 တွင် ဖော်ပြထား ပါသည်။

ဒုက္ခသည် ဗီဇာလျှောက်ထားခြင်းကို ပြည်ထဲရေး ဌာနသို့ လျှောက်ထားရပါသည်။ ဤစာအုပ်တွင် ထိုဌာနကို ပြည်ထဲရေးဟု ခေါ်ဆိုပါသည်။



အဆင့် 1

# ဗီဇာလျှောက်ထားလိုသော ပုဂ္ဂိုလ်များ၏ အထောက်အထား စာရွက်စာတမ်းများ နှင့် ဓာတ်ပုံများကို ရယူပါ

အောက်ပါတို့ လိုအပ်ပါမည်-

- လျှောက်လွှာတွင်ပါဝင်သည့် မိသားစုဝင် တစ်ဦးချင်းစီ၏ ပတ်စပို့ပုံစံဓာတ်ပုံ တစ်ပုံစီ။
- သင်၏မိသားစုတွင်ရှိသော အထောက်အထား စာရွက်စာတမ်းအားလုံး၏ အတည်ပြုချက်ပါရှိသော မိတ္တူများ။ ဥပမာ-
  - နိုင်ငံကူးလက်မှတ်များ
  - မှတ်ပုံတင်ကတ်များ
  - လက်ထပ်စာချုပ်များ
  - မွေးစာရင်းများ
  - နိုင်ငံသားဖြစ်ကြောင်း အထောက်အထား စာရွက်စာတမ်းများ
  - သေစာရင်းများ

အတည်ပြုချက်ပါသော မိတ္တူဆိုသည်မှာ ရှေ့နေတစ်ဦး သို့မဟုတ် အခွင့်အာဏာရှိသော အခြားပုဂ္ဂိုလ်တစ်ဦးကမူရင်း စာရွက်စာတမ်းကို ကြည့်ရှုပြီးနောက် မိတ္တူကူးထားသော စာရွက်စာတမ်းပေါ်တွင် ၎င်းသည် မှန်ကန်သော မိတ္တူဖြစ်ကြောင်း ရေးသားထားခြင်း ဖြစ်သည်။ စာရွက်စာတမ်းများကို နိုင်ငံရပ်ခြား သို့မဟုတ် ဩစတြေးလျနိုင်ငံထဲတွင် အတည်ပြုချက် ရယူနိုင်ပါသည်။ အကယ်၍ ဤသို့ဆောင်ရွက်ရန် ခက်ခဲပါက စိတ်မပူပါနှင့်။ စာရွက်စာတမ်း၏ မိတ္တူတစ်စောင်ကိုသာ တွဲထည့်ပေးပါ။

အင်္ဂလိပ်ဘာသာဖြင့် မဟုတ်သော စာရွက်စာတမ်းများအား အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးရန် လိုပါသည်။ စာရွက်စာတမ်းများအား နိုင်ငံရပ်ခြား သို့မဟုတ် ဩစတြေးလျနိုင်ငံတွင် ဘာသာပြန်၍ ရပါသည်။

မိသားစုဝင်တစ်ဦးတွင် စာရွက်စာတမ်းများ မရှိပါက သူ့တွင် မည်သည့်အတွက်ကြောင့် စာရွက်စာတမ်းများမရှိရသည်ကို ရှင်းပြရန် လိုအပ်ပါသည်။ သူသည် ထိုအရာများကို ပျောက်ဆုံးသွားခြင်း သို့မဟုတ် ခိုးယူခံရခြင်း သို့မဟုတ် သူ၏ မိခင်နိုင်ငံတွင် စာရွက်စာတမ်းများကို ဘယ်သောအခါမျှ ထုတ်မပေးခဲ့ခြင်းတို့ ဖြစ်နိုင်ပါသည်။ ယင်းသည်ပြဿနာမရှိပါ။ သို့သော် သင်သည် ထိုစာရွက်စာတမ်းများ မရှိသည့်အကြောင်းရင်းကို ရှင်းပြရန်သာလိုပါသည်။ သူ့တွင် အထောက်အထား စာရွက်စာတမ်းများ မရှိလျှင်ပင် ဗီဇာလျှောက်ထားမှု ပြုလုပ်နိုင်ဆဲဖြစ်သည်။

သင်၏ မိသားစုသည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၊ ကြက်ခြေနီအဖွဲ့၊ လခြမ်းနီအဖွဲ့ သို့မဟုတ် ရွှေ့ပြောင်းအခြေချခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) တို့တွင် စာရင်းသွင်းထားပါက အဆိုပါ စာရင်းသွင်းထားမှု မိတ္တူတစ်စောင်ကိုလည်း ရယူပြီး လျှောက်လွှာနှင့်အတူ ပူးတွဲထည့်သင့်ပါသည်။



အဆင့် 2

## ဗီဇာလျှောက်ထားရန်အတွက် ဖောင်ပုံစံများကို ဖြည့်ပါ

သင်လိုအပ်သော ဖောင်ပုံစံများမှာ-

| **ဖောင်ပုံစံ** | **၎င်းကို လက်မှတ်ထိုးသင့်သူ** |
|---|---|
| ဖောင်ပုံစံ 842 | နိုင်ငံရပ်ခြားရှိ သင်၏ မိသားစု |
| ဖောင်ပုံစံ 681 | သင်။ သို့မဟုတ် သင်၏ မိသားစုတွင် ဩစတြေးလျနိုင်ငံ၌ အမြဲတမ်းနေထိုင်သူ သို့မဟုတ် ဩစတြေးလျနိုင်ငံသားတစ်ဦး ဖြစ်သည့် သွေးနီးတော်စပ်သော ဆွေမျိုးတစ်ဦးရှိပါက ထိုပုဂ္ဂိုလ်။ |

ထိုဖောင်ပုံစံများကို အောက်ပါဝက်ဘ်ဆိုက်များတွင် ရရှိနိုင်ပါသည်-

https://immi.homeaffairs.gov.au/form-listing/forms/842.pdf

https://immi.homeaffairs.gov.au/form-listing/forms/681.pdf

ဖောင်ပုံစံ အဟောင်းများကို အသုံးမပြုပါနှင့်။

ဖောင်ပုံစံများကို အင်္ဂလိပ်ဘာသာဖြင့် ဖြည့်စွက်ရပါမည်။ သင်၏ မိသားစုက ၎င်းတို့၏ အဖြေများကို ၎င်းတို့၏မိခင်ဘာသာစကားဖြင့် ရေးသားထားပါက သင့်အနေဖြင့် အဖြေများကို ဘာသာပြန်ပေးရမည်။ သင်၏ အင်္ဂလိပ်စာမှာ လုံလောက်အောင်ကောင်းမွန်ပါက သင်ကိုယ်တိုင် ဘာသာပြန်နိုင်ပါသည်။ တရားဝင်ဘာသာပြန်ဆိုချက်ကို ရယူရန် မလိုအပ်ပါ။





အဆင့် 3

# အရွယ်ရောက်ပြီးသည့် မိသားစုဝင်တိုင်းအား ၎င်းတို့၏မိခင်နိုင်ငံတွင် ၎င်းတို့ ကြုံတွေ့ရသည့် ပြဿနာများအကြောင်း ထွက်ဆိုချက်တစ်စောင်စီ ရေးခိုင်းပါ

မိသားစုဝင်တစ်ဦးတည်းတွင်သာ ပြဿနာရှိပါက ထိုမိသားစုဝင်ကသာ ထွက်ဆိုချက်တစ်စောင်ရေးရန် လိုပါသည်။ စာဖြင့်ရေးထားသည့် ထွက်ဆိုချက်ဆိုသည်မှာ သင့်မိသားစုက ၎င်းတို့၏မိခင်နိုင်ငံတွင် ကြုံတွေ့ခဲ့ရသော ပြဿနာများ၊ ၎င်းတို့၏ မိခင်နိုင်ငံတွင် ၎င်းတို့ ကြောက်ရွံ့နေရသည့်အရာများနှင့် ၎င်းတို့ နိုင်ငံသို့ ဘေးကင်းလုံခြုံစွာ မပြန်နိုင်ရသည့် အကြောင်းရင်းများ ပါဝင်သည့် ဇာတ်ကြောင်းတစ်ခုဖြစ်ပါသည်။

၎င်းတို့ ဘေးကင်းလုံခြုံမှုမရှိရသည့် အကြောင်းရင်းမှာ သိသာထင်ရှားသည်ဟု ထင်မြင်ရနိုင်သည်။ သို့သော် ပြည်ထဲရေးအနေဖြင့် လျှောက်ထားချက်အပေါ် မည်မျှမြန်မြန်ဆုံးဖြတ်ရန်နှင့် သင်၏မိသားစုအား ဗီဇာထုတ်ပေး၊ မပေး ဆုံးဖြတ်ရာတွင် ထွက်ဆိုချက်ကို အသုံးပြုမည်ဖြစ်သောကြောင့် အချက်အလက်များကို အသေးစိတ်ဖော်ပြရန် လိုအပ်ပါသည်။

၎င်းတို့သည် ထွက်ဆိုချက်ကို ၎င်းတို့၏ မိခင်ဘာသာစကားဖြင့် ရေးနိုင်ပြီး နောက်မှ အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုနိုင်ပါသည်။ သင်ကိုယ်တိုင် ဘာသာပြန်ဆိုနိုင်ပါသည်။ တရားဝင်ဘာသာပြန်ဆိုမှု မလိုအပ်ပါ။

## ထွက်ဆိုချက်များတွင် အောက်ပါအချက်များကို ဖော်ပြသင့်သည်–

**၎င်းတို့၏ မိခင်နိုင်ငံတွင် ကြုံတွေ့ခဲ့ရသော ပြဿနာများ။**

- ပြဿနာများ စတင်ဖြစ်ပွားခဲ့ချိန်။
- ၎င်းတို့တွင် ဖြစ်ပျက်ခဲ့သည့်အရာများနှင့် ၎င်းတို့ကို အန္တရာယ်ဖြစ်စေခဲ့သူများ။
- ၎င်းတို့ မည်သို့အန္တရာယ်ပြုခံခဲ့ရပုံ။
- ၎င်းတို့၏ နိုင်ငံတွင်းရှိ အာဏာပိုင်များ သို့မဟုတ် ရဲများထံမှ အကူအညီတောင်းခဲ့ပါသလား။ ၎င်းတို့ အကူအညီမတောင်းခဲ့ပါက ဘာကြောင့်မတောင်းခဲ့သလဲ။

ထွက်ဆိုချက်များသည် အောက်ပါအတိုင်းဖြစ်ရမည်-

- ၎င်းတို့အကြောင်းကို အဓိကထား၍ ပြောရမည်။ ၎င်းတို့၏ နိုင်ငံတွင်းရှိ အထွေထွေ ပြဿနာများ မဟုတ်ရပါ။
- နာမည်များ၊ နေရာများနှင့် အချိန်များကို အသေးစိတ်ဖော်ပြရမည်။

## ၎င်းတို့၏ မိခင်နိုင်ငံသို့ ပြန်သွားခဲ့ပါက မည်သည့်အရာဖြစ်ပျက်လာမည်ကို ၎င်းတို့ ကြောက်ရွံ့နေရသနည်း။

အထူးသဖြင့် ၎င်းတို့သည် ၎င်းတို့၏ နိုင်ငံပြင်ပသို့ ရောက်ရှိနေသည်မှာ နှစ်အနည်းငယ်ကြာနေပါက ထွက်ဆိုချက်၏ ဤအပိုင်းသည် အလွန်အရေးကြီးပါသည်။ ၎င်းတို့ ပြန်သွားပါက ၎င်းတို့တွင် ဘာကြောင့် အန္တရာယ်ရှိနိုင်ရသည်ကို ပြည်ထဲရေးက နားလည်သဘောပေါက်ရန် အရေးကြီးပါသည်။

၎င်းတို့သည် အနာဂတ်တွင် ၎င်းတို့အပေါ်ကျရောက်နိုင်သည့် ဖြစ်နိုင်ခြေရှိသော အန္တရာယ်အမျိုးအစား မှန်သမျှကို ဖော်ပြရပါမည်။

အကယ်၍ ၎င်းတို့သည် အန္တရာယ်တစ်ခုထက်ပို၍ ဖြစ်ပျက်လာမည်ကို ကြောက်ရွံ့နေရပါက အဆိုပါ ဖြစ်နိုင်ခြေရှိသော အန္တရာယ်တိုင်းကို ဖော်ပြရမည်။

ဤအရာသည် ၎င်းတို့၏ ထွက်ဆိုချက်တွင် အရေးကြီးသော အစိတ်အပိုင်းဖြစ်ပါသည်။ ၎င်းတို့၏ မိခင်နိုင်ငံသို့ ပြန်သွားလျှင် ဖြစ်ပျက်လာနိုင်သည့်အရာများကို အချက်အလက်အသေးစိတ်ဖြင့် ပြည်ထဲရေးသို့ မပြောပါက ဗီဇာရရှိရန် ခက်ခဲပါလိမ့်မည်။ ၎င်းတို့တွင် နေစရာအိမ်မရှိခြင်း သို့မဟုတ် ပိုက်ဆံမရှိခြင်း သို့မဟုတ် ထိုနေရာတွင် အလုပ်အကိုင်များမရှိခြင်းကြောင့် ၎င်းတို့ ဒုက္ခရောက်ရလိမ့်မည်ဟု ပြောရုံမျှနှင့် မလုံလောက်ပါ။

## ၎င်းတို့ကို ဘယ်သူတွေက အန္တရာယ်ပြုမည်လဲ။

သင်၏မိသားစုသည် ၎င်းတို့ကို အန္တရာယ်ပေးမည်ဟုထင်သော လူပုဂ္ဂိုလ်အားလုံး၏အကြောင်းကို အသေးစိတ်ဖော်ပြရပါမည်။ ဥပမာ၊ ၎င်းတို့သည် အောက်ပါပုဂ္ဂိုလ်/အဖွဲ့များက အန္တရာယ်ပြုမည်ကို ကြောက်ရွံ့နေရပါက-

- စစ်သွေးကြွ သို့မဟုတ် ဘာသာရေး အုပ်စု၊ အုပ်စု၏ အမည်ကို ပြောရန်လိုသည်။
- လူပုဂ္ဂိုလ်တစ်ဦးချင်း၊ ၎င်းတို့၏ အမည်ကို ပြောရန်လိုသည်။
- မတူညီသောအုပ်စုအနည်းငယ် သို့မဟုတ် လူပုဂ္ဂိုလ်အနည်းငယ်၊ ၎င်းတို့၏ အမည်အားလုံးကိုပြောရန်လိုသည်။

## ၎င်းတို့ ဘာကြောင့် အန္တရာယ်ပြုခံရမည်လဲ။

ထွက်ဆိုချက်များတွင် ထိုပုဂ္ဂိုလ်များက ၎င်းတို့ကို အဘယ်ကြောင့် အန္တရာယ်ပြုချင်ရကြောင်းကိုလည်း ပြောရန်လိုအပ်ပါသည်။ ၎င်းတို့ကို အန္တရာယ်ပြုမည့် အကြောင်းရင်းများမှာ ၎င်းတို့၏ လူမျိုး၊ နိုင်ငံသား၊ မျိုးနွယ်၊ ကိုးကွယ်သည့် ဘာသာ၊ နိုင်ငံရေးအမြင် သို့မဟုတ် အခြားအကြောင်းပြချက်များကြောင့် ဖြစ်ပါက ထိုအရာများကို ပြောရမည်။

အကယ်၍ ၎င်းတို့ကို အန္တရာယ်ပြုမည့်သူသည် ၎င်းတို့နိုင်ငံ၏ အစိုးရဖြစ်ပါက အစိုးရက ၎င်းတို့အား အဘယ်ကြောင့် အန္တရာယ်ပြုမည်ဖြစ်ကြောင်းကိုလည်း ပြောရမည်။



## အဆင့် 4

# ထွက်ဆိုချက်ကို ပြည်ထဲရေးသို့မပို့မီ အားလုံးမှန်ကန်ကြောင်း သေချာအောင် လုပ်ပါ

တတ်နိုင်ပါက အနည်းဆုံး ပြည်ထဲရေးဌာနသို့ ဖောင်ပုံစံများကိုမပို့မီ ထွက်ဆိုချက်များကို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ရှေ့နေအား စစ်ဆေးခိုင်းပါ။

Legal Aid NSW ရှိ ဒုက္ခသည်ဝန်ဆောင်မှုသည် သင့်အား အခမဲ့နှင့် သီးသန့်ဖြစ်သော ဥပဒေရေးရာအကြံဉာဏ်များ ပေးနိုင်ပါသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် သင်၏ ဖောင်ပုံစံများကို စစ်ဆေးမပေးနိုင်ပါ။

သက်ဆိုင်သောအချက်အားလုံး ပါဝင်ကြောင်း သေချာစေရန်အတွက် လျှောက်လွှာနှင့်အတူ ထည့်သွင်းရမည့် ထွက်ဆိုချက်တွင် ပါဝင်ရမည့်အရာများ (အဆင့် 3) ကို ကျွန်ုပ်တို့ ပြောပြနိုင်ပါသည်။ ကျွန်ုပ်တို့ကို ဆက်သွယ်ရမည့် အချက်အလက် အသေးစိတ်နှင့် ကျွန်ုပ်တို့နှင့် တွေ့ဆုံရန် မည်သို့ ရက်ချိန်းယူရမည်နှင့် ပတ်သက်၍ စာမျက်နှာ 14 ကိုကြည့်ပါ။

## အဆင့် 5

# စာရွက်စာတမ်းအားလုံးကို မိတ္တူကူးထားပါ

လျှောက်လွှာနှင့် ၎င်းနှင့်အတူပူးတွဲပေးပို့ခဲ့သော စာရွက်စာတမ်းအားလုံး၏ မိတ္တူတစ်စုံကို သိမ်းထားပါ။




BOSS

## အဆင့် 6

# ဗီဇာလျှောက်ထားခြင်း

လျှောက်လွှာနှင့် စာရွက်စာတမ်းများကို အောက်ဖော်ပြပါ ဌာနသို့ ပို့ပါ-

**ပြည်ထဲရေးဌာန**
**အထူးလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းစဉ်များဌာန**
**GPO Box 9984 SYDNEY NSW 2001**

သင်သည် ဤဗီဇာအတွက် အွန်လိုင်းမှတစ်ဆင့် လျှောက်ထားနိုင်သော်လည်း လျှောက်လွှာတွင် အီလက်ထရောနစ်စနစ်ဖြင့် တွဲထည့်နိုင်ရန် လျှောက်လွှာတွင်ပါဝင်သော လူအားလုံး၏ ပတ်စပို့ဓာတ်ပုံရှိမှသာ လျှောက်ထားနိုင်ပါမည်။

https://immi.homeaffairs.gov.au သို့သွားပါ။

အွန်လိုင်းမှ လျှောက်ထားရန် ဆုံးဖြတ်ထားပါက အွန်လိုင်းလျှောက်လွှာကို ဖြည့်စွက်ရန် ညွှန်ကြားချက်များကို လိုက်နာပြီး ဖြည့်စွက်ထားသော ဖောင်ပုံစံများ၊ စာရွက်စာတမ်းများနှင့် ဓာတ်ပုံများကို အပ်လုဒ်လုပ်ပါ။ ထို့နောက် ‘တင်သွင်းမည်’ ‘Submit’ ခလုတ်ကို နှိပ်ပါ။

## စစ်ဆေးရန်အချက်များ

- ☐ **အဆင့် 1–** အထောက်အထား စာရွက်စာတမ်းများနှင့် ဓာတ်ပုံများကို ရယူပါ
- ☐ **အဆင့် 2–** ဗီဇာလျှောက်ရန်အတွက် ဖောင်ပုံစံများကို ဖြည့်စွက်ပါ
- ☐ **အဆင့် 3–** အရွယ်ရောက်ပြီးသော မိသားစုဝင်တိုင်းအား ထွက်ဆိုချက်တစ်စောင်စီ ရေးခိုင်းပါ
- ☐ **အဆင့် 4–** လျှောက်လွှာတွင် ပြည့်စုံစွာဖြည့်စွက်ထားခြင်းရှိ၊ မရှိနှင့် လိုအပ်သည့်အရာအားလုံးကို တွဲထား၊ မထား စစ်ဆေးပါ
- ☐ **အဆင့် 5–** သင်၏ စာရွက်စာတမ်းအားလုံးကို မိတ္တူကူးပါ
- ☐ **အဆင့် 6–** စာတိုက် သို့မဟုတ် အွန်လိုင်းမှတစ်ဆင့် ဗီဇာ လျှောက်ထားပါ



## ‘ကွဲကွာနေသော မိသားစု’ လျှောက်လွှာဆိုသည်မှာ အဘယ်နည်း။

သင်သည် လွန်ခဲ့သော ငါးနှစ်အတွင်း ဒုက္ခသည်၊ လူသားချင်းစာနာထောက်ထားမှု သို့မဟုတ် အကာအကွယ်ပေးမှု ဗီဇာရရှိထားသူဖြစ်ပါက သင်၏ ခင်ပွန်း၊ ဇနီး၊ ကြင်ဖော်ကြင်ဖက် သို့မဟုတ် မှီခိုသားသမီးများ (သို့မဟုတ် သင်သည်အသက် 18 နှစ်အောက်ဖြစ်ပါက သင်၏ မိဘများ) ကို ဩစတြေးလျနိုင်ငံသို့ ခေါ်ယူရန် ကွဲကွာနေသော မိသားစု အစီအစဉ်မှတစ်ဆင့် လျှောက်ထားနိုင်ပါသည်။ ထို့အပြင်-

1. သင်၏ ခင်ပွန်း၊ ဇနီး၊ ကြင်ဖော်ကြင်ဖက်၊ ကလေးများ သို့မဟုတ် မိဘ (သင်သည် အသက် 18 နှစ်အောက်ဖြစ်ပါက) သည် ၎င်းတို့၏မိခင်နိုင်ငံတွင် နေထိုင်နေဆဲဖြစ်ပါက သို့မဟုတ် ၎င်းတို့၏မိခင်နိုင်ငံပြင်ပတွင်နေထိုင်နေပါက။ ထို့ပြင်
2. သင်၏ ကိုယ်ပိုင်ဗီဇာမရမီ သင်၏မိသားစုအကြောင်းကို ပြည်ထဲရေးဌာနသို့ ပြောပြထားပါက။

ဤဗီဇာအမျိုးအစားကို လျှောက်ထားရန် တူညီသောဖောင်ပုံစံများ (681 နှင့် 842) ကိုပင် အသုံးပြုရမည်ဖြစ်သော်လည်း ဤလျှောက်လွှာသည် ‘ကွဲကွာနေသော မိသားစု’ အတွက် လျှောက်လွှာဖြစ်ကြောင်း ဖောင်ပုံစံ 842 တွင် ဖော်ပြရန် လိုအပ်ပါသည်။

ဖောင်ပုံစံတွင် ဤလျှောက်လွှာသည် ကွဲကွာနေသောမိသားစုအတွက် လျှောက်လွှာဟုတ်၊ မဟုတ် မေးခွန်းတစ်ခုပါရှိပြီး သင်သည် ‘ဟုတ်သည်’ ဆိုသည့်နေရာတွင် အမှန်ခြစ်ပေးဖို့ လိုအပ်ပါမည်။

ဤလျှောက်လွှာများအတွက် သင်၏မိသားစုသည် ၎င်းတို့တွင် ဖြစ်လာနိုင်သည့်အရာများနှင့် ၎င်းတို့ ဒုက္ခသည်ဖြစ်ရသည့်အကြောင်းရင်းများပါဝင်သည့် ရှင်းလင်းဖော်ပြချက်ကို ရေးရန်မလိုပါ။ ၎င်းတို့သည် ဒုက္ခသည်ဖြစ်ကြောင်း သက်သေပြရန်မလိုပါ။ ၎င်းတို့က သင်နှင့်ဆွေမျိုးတော်စပ်ကြောင်း သက်သေပြရန်နှင့် သင်၏ ကိုယ်ပိုင်ဗီဇာမရမီ ၎င်းတို့အကြောင်းကို ပြည်ထဲရေးသို့ ကြိုတင်ပြောထားရန်သာ လိုအပ်ပါသည်။

## အခြား သိထားရမည့်အချက်များ

### ဘယ်လောက် ကုန်ကျမလဲ။

ဗီဇာလျှောက်ထားရန်အတွက် လျှောက်လွှာကြေး ပေးရန်မလိုပါ။ သင်၏ မိသားစုသည် ဗီဇာရရှိပြီး သင်က ၎င်းတို့အတွက် ကုန်ကျစရိတ် ကျခံမည်ဆိုပါက လေယာဉ်လက်မှတ်ခသာ ကျခံရန်လိုအပ်ပါမည်။

### ပြည်ထဲရေးဌာနအနေဖြင့် လျှောက်လွှာလက်ခံရရှိပါက ဘာတွေဆက်ဖြစ်မလဲ။

၎င်းတို့သည် လျှောက်လွှာလက်ခံရရှိကြောင်း သင့်ထံသို့ စာတစ်စောင်ပို့ပါလိမ့်မည်။ စာတွင် ဖိုင်အမှတ်ပါပါမည်။ ပြည်ထဲရေးသို့ သင့်လျှောက်လွှာနှင့်ပတ်သက်၍ တိုးတက်မှုအခြေအနေအား ဆက်သွယ်စုံစမ်းမည်ဆိုပါက လျှောက်လွှာကို ၎င်းတို့ ရှာဖွေနိုင်စေရန်အတွက် ထိုဖိုင်အမှတ်ကို အသုံးပြုရမည်ဖြစ်သောကြောင့် ၎င်းကို သိမ်းထားရန် အရေးကြီးပါသည်။

သုံးလအတွင်း စာကိုမရရှိခဲ့ပါက shp.enquiries@homeaffairs.gov.au သို့ အီးမေးလ်ပေးပို့၍ လျှောက်လွှာနှင့်ပတ်သက်ပြီး မည်သို့ ဖြစ်နေသည်ကို မေးမြန်းနိုင်ပါသည်။ လျှောက်လွှာကို ရှာဖွေပေးနိုင်စေရန်အတွက် လျှောက်ထားသူ၏ အမည်နှင့် မွေးနေ့တို့ကို ဖော်ပြပေးပါ။

### အချိန် ဘယ်လောက်ကြာမလဲ။

လျှောက်ထားမှုများသည် နှစ်ပေါင်းများစွာ (ယေဘုယျအားဖြင့် နှစ်နှစ်ခန့်) ကြာနိုင်သည်။

### ကျွန်ုပ်၏ မိသားစုက ဗီဇာ ရရှိမည်လား။

လူတိုင်း ဗီဇာရရှိမည် မဟုတ်ပါ။ အစိုးရသည် ဗီဇာအရေအတွက်ကို အကန့်အသတ်ဖြင့်သာ နှစ်တိုင်းထုတ်ပေးသည်။ သင့်မိသားစုက ဗီဇာ မရရှိခြင်းလည်း ဖြစ်နိုင်သည်။

### ကြာချိန်နှင့်ပတ်သက်ပြီး သင်စိုးရိမ်နေပါက

သင်သည်-

- လျှောက်လွှာက ဩစတြေးလျတွင် ရှိနေဆဲ ဟုတ်၊ မဟုတ် သို့မဟုတ် နောက်ထပ် စီမံဆောင်ရွက်ရန်အတွက် သင့်မိသားစုနှင့်အနီးဆုံးသံရုံးသို့ ပေးပို့ထားခြင်း ရှိ၊ မရှိကို မေးမြန်းနိုင်သည်။
- **13 18 81** တွင် ပြည်ထဲရေးဌာနကို ဖုန်းခေါ်ဆိုနိုင်သည် သို့မဟုတ် shp.enquiries@homeaffairs.gov.au သို့ အီးမေးလ် ပေးပို့နိုင်သည်။ လျှောက်လွှာကို ၎င်းတို့ ရှာဖွေပေးနိုင်စေရန်အတွက် ဖိုင်အမှတ် လိုအပ်ပါမည်။
- ဖောင်များပေးပို့ပြီးသည့် အချိန်မှစ၍ 12 လကျော်သွားပါက သင့်ဒေသ၏ ဖက်ဒရယ်ပါလီမန် အောက်လွှတ်တော် ကိုယ်စားလှယ် (MP) ကို ဆက်သွယ်နိုင်သည်။ www.aph.gov.au/Senators_and_Members/Members တွင် သင်နေထိုင်သည့်နေရာ၏ စာပို့ကုဒ်ကို ထည့်သွင်းခြင်းဖြင့် သင့်ဒေသ၏ MP ကို ရှာဖွေနိုင်သည်

## တစ်စုံတစ်ရာပြောင်းလဲမှုရှိပါက ပြည်ထဲရေးဌာနကို ပြောပြရန် လိုအပ်ပါမည်

မေးခွန်းများအတွက် ဖောင်များပေါ်တွင် သင် ပေးအပ်ထားသော အဖြေတစ်ခုခုပြောင်းလဲသွားပါက ပြည်ထဲရေးဌာနအား အသိပေးရန် လိုအပ်သည်။

ဖြစ်နိုင်သည့် အပြောင်းအလဲအချို့မှာ-

- သင် သို့မဟုတ် သင့်မိသားစု၏ ပြည်ပမှ နေရပ်လိပ်စာပြောင်းသွားခြင်း
- လျှောက်လွှာထဲတွင် ပါဝင်သော သူတစ်ယောက်တွင် ကလေးရှိလာခြင်း သို့မဟုတ်
- သင့်မိသားစုသည် ၎င်းတို့ကို အန္တရာယ်ပြုလိုသော သူများ သို့မဟုတ် အုပ်စုများထံမှ ခြိမ်းခြောက်မှု အသစ်များ လက်ခံရရှိခြင်း။

shp.enquiries@homeaffairs.gov.au သို့ အီးမေးလ်ပို့ခြင်းဖြင့် အပြောင်းအလဲ မှန်သမျှနှင့် ပတ်သက်ပြီး ပြည်ထဲရေးဌာနကို ပြောပြနိုင်သည်။

**အရေးကြီးသည်။ အောက်ပါအခြေအနေများဖြစ်နေလျှင် ဤအချက်အလက်များကို သင်အသုံးမပြုမီ လူဝင်မှုကြီးကြပ်ရေး ရှေ့နေနှင့် ဆွေးနွေးသင့်သည်-**

- သင်သည် ဩစတြေးလျသို့ လှေဖြင့် ရောက်ရှိလာပြီး 866 ဗီဇာကို ကိုင်ဆောင်ထားခြင်း
- သင့်မိသားစုသည် အခြားနိုင်ငံတွင် ဘေးကင်းစွာ နေထိုင်နေခြင်း သို့မဟုတ်
- သင့်မိသားစုသည် ဗီဇာ ပယ်ချခံရဖူးခြင်း။



## ရှေ့နေကို မည်သည့် နေရာတွင် တွေ့နိုင်သနည်း။

ဒုက္ခသည် ဝန်ဆောင်မှု ဌာနတွင် ရှေ့နေတစ်ဦးထံမှ အကူအညီကို အခမဲ့ ရယူနိုင်ပါသည်။
ဖုန်း- **02 8713 6725**
အီးမေးလ်- refugeeservice@legalaid.nsw.gov.au

မျက်နှာချင်းဆိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ သင်နှင့် ပြောဆိုဆွေးနွေးရန် ကျွန်ုပ်တို့ စီစဉ်ပေးနိုင်ပါသည်။

သင်စကားပြန်တစ်ယောက် လိုအပ်ပါက **13 14 50** ကို ဖုန်းဆက်၍ သင်အလိုရှိသော ဘာသာစကားကို တောင်းဆိုပြီးနောက် ဒုက္ခသည် ဝန်ဆောင်မှုဌာန နံပါတ်ကို ၎င်းတို့အား ပေးပါ။ ၎င်းသည် အခမဲ့ ဝန်ဆောင်မှုဖြစ်သည်။

**ချိန်းဆိုမှုသို့ မည်သည့်အရာများ ယူဆောင်လာရမည်နည်း။**

- ☐ Centrelink ကျန်းမာရေးစောင့်ရှောက်မှု ကတ် သို့မဟုတ် ပင်စင်ကတ်
- ☐ NSW ဓာတ်ပုံပါသော အိုင်ဒီကတ်
- ☐ နိုင်ငံကူးလက်မှတ်၊ ImmiCard သို့မဟုတ် ခရီးသွားခွင့် စာရွက်စာတမ်း
- ☐ ပြည်ထဲရေးဌာနထံမှ စာမှန်သမျှ
- ☐ သင့်မိသားစုအတွက် တင်ထားသော မည်သည့် ဗီဇာ လျှောက်လွှာမှန်သမျှမဆို၏ မိတ္တူများ

**ချိန်းဆိုမှုကို ပယ်ဖျက်ရန် လိုအပ်ပါက**
ချိန်းဆိုထားသည့်အတိုင်း မလာရောက်နိုင်ပါက ကျွန်ုပ်တို့အား တတ်နိုင်သမျှ အမြန်ဆုံး အသိပေးရန် ဒုက္ခသည် ဝန်ဆောင်မှုဌာန ဖုန်းနံပါတ် **02 8713 6725** ကို ဆက်သွယ်ပါ။

## နောက်ထပ် အချက်အလက်များကို မည်သည့်နေရာမှ ရရှိနိုင်သနည်း။

ဩစတြေးလျ၏ ဒုက္ခသည်နှင့် လူသားချင်းစာနာထောက်ထားမှု အစီအစဉ်နှင့် ပတ်သက်သည့် နောက်ထပ် အချက်အလက်များကို www.homeaffairs.gov.au တွင် ရရှိနိုင်ပါသည်။



ဤစာစောင်သည် ဥပဒေနှင့်ပတ်သက်၍ ယေဘုယျ လမ်းညွှန်ဖြစ်သည်။ ၎င်းကို ဥပဒေရေးရာ အကြံပြုချက်အဖြစ် အားမကိုးသင့်သည့်အပြင် သင့်အခြေအနေနှင့် ပတ်သက်ပြီး ရှေ့နေတစ်ယောက်နှင့် ဆွေးနွေးရန် သင့်အား ကျွန်ုပ်တို့ အကြံပြုအပ်ပါသည်။

ပုံနှိပ်သည့်အချိန်တွင် အချက်အလက်များက မှန်ကန်သော်လည်း ၎င်းသည် အပြောင်းအလဲရှိနိုင်သည်။ အချက်အလက်များ ပိုမိုသိရှိရန် **1300 888 529** သို့ ဆက်သွယ်၍ LawAccess NSW ကို တောင်းဆိုပါ။

This brochure is available in Arabic, Dari/Farsi, Burmese and English.

© Legal Aid Commission of NSW 2024

အွန်လိုင်း လက်ကမ်းစာစောင်များကို www.legalaid.nsw.gov.au/ways-to-get-help/publications-and-resources တွင် မှာယူပါ

အချက်အလက်များ ပိုမိုသိရှိရန် www.legalaid.nsw.gov.au သို့ သွားပါ

**ကျွန်ုပ်တို့ကို ဆက်သွယ်ရန် အကူအညီ လိုအပ်ပါသလား။**

သင်စကားပြန်တစ်ယောက် လိုအပ်ပါက ဘာသာပြန်နှင့် စကားပြန်ဝန်ဆောင်မှု ဖုန်းနံပါတ် **131 450** သို့ (နံနက် 9 နာရီမှ ညနေ 5 နာရီအကြား) ခေါ်ဆိုပြီး LawAccess NSW ကို တောင်းဆိုပါ။

**သင့်တွင် ကြားရရန် သို့မဟုတ် စကားပြောဆိုရန် အခက်အခဲရှိပါသလား။**

သင်သည် နားလေးသူ သို့မဟုတ် အကြားအာရုံဖြစ်စေ၊ စကားပြောဆိုနိုင်စွမ်းဖြစ်စေ ချို့ယွင်းသူဖြစ်လျှင် National Relay Service (NRS) မှတစ်ဆင့် ကျွန်ုပ်တို့ကို ဆက်သွယ်ပါ။ **1300 888 529** ကိုခေါ်ဆို၍ LawAccess NSW ကို တောင်းဆိုပါ။

Legal Aid
NEW SOUTH WALES

JUN 2024 / ဇွန်လ 2024 ခုနှစ်

MNLA60791